


အတွဲ (၃) အမှတ် (၄) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်

## ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆွေးနွေးပြောကြားခြင်းမှ ကောက်နုတ်ချက်




**“ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် (၁ ဒသမ ၃) ဘီလီယံဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ (၁ ဒသမ ၅)ထရီလီယံအထိ ရရှိခဲ့သည်ဟု ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ်-၁၉ မတိုင်မီ အခြေအနေထက် ကျော်လွန်သွားမည့် အလားအလာများကို မြင်တွေ့နေရပြီဖြစ်ပါကြောင်း”**

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၄)ကို ဇွန်လ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့အစည်းအဝေးကို ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက်နှင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်အဖြေရှာနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့်

# မာတိကာ


- ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆွေးနွေးပြောကြားခြင်းမှ ကောက်နုတ်ချက် ... ၁၊၃၊၄
- ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း(ပထမအကြိမ်)အတွက် အွန်လိုင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ ... ၄-၅
- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ ... ၅
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ ... ၅
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ... ၆
- ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကျင်းပ ... ၆
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ- အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက် ... ၆-၇
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ ... ၇
- မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အကြိမ်(၆၀) မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား ... ၇-၈
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ကို လက်ခံတွေ့ဆုံ ... ၈-၉
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အချက်အလက်များ လွှင့်တင်ရေးနှင့် ICT အသုံးပြုမှုစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ ... ၉
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ခရီးသွားစစ်တမ်းကောက်ယူတွေ့ရှိချက်များ မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ ... ၉-၁၀
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ... ၁၀-၁၁
- ခရီးစဉ်ဒေသများတွင် One Tourist One Tree အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စံပြကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)များကို ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ ... ၁၁
- ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အသိအမှတ်ပြုမှုအစီအစဉ် စတင်မိတ်ဆက်ခြင်းနှင့် နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ ... ၁၁-၁၂
- ကလောမြို့ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၂-၂၀၂၅) ပါ မဟာဗျူဟာအစီအစဉ်များကို အထူးဂရုစိုက်အကောင်အထည်ဖော်ကြရန်လိုအပ် ... ၁၂-၁၃
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ ... ၁၃
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက် ... ၁၃-၁၄
- ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မန္တလေးတိုင်းဒေသကြီးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တက်ရောက် ... ၁၄
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကျင်းပ ... ၁၄-၁၅
- မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip- FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များ နေပြည်တော် ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ အမှတ်တရသစ်ပင်များစိုက်ပျိုး ... ၁၅
- မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေးရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသည့် ခရီးစဉ်ဒေသများကို နှစ်သက်သဘောကျကြမည်ဟုယုံကြည် ... ၁၅-၁၆
- ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် အာရှနှင့်ပစိဖိတ်ဒေသ ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ် ကွန်ဖရင့်သို့တက်ရောက် ... ၁၆-၁၇
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၃၆) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး (36th CAP-CSA joint Meeting) နှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက် ... ၁၇-၁၈
- လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ ... ၁၈-၁၉
- လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ... ၁၉
- ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ ... ၁၉
- မွန်ပြည်နယ် ... ၁၉
- ရှမ်းပြည်နယ် ... ၁၉-၂၀
- မကွေးတိုင်းဒေသကြီး ... ၂၀
- ပဲခူးတိုင်းဒေသကြီး ... ၂၀
- ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း (Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ ... ၂၀


*********

**ရှေ့ဖုံးမှ**

(၁ ဒသမ ၃) ဘီလီယံ ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ (၁ ဒသမ ၅) ထရီလီယံအထိ ရရှိခဲ့သည်ဟု ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ်-၁၉ မတိုင်မီ အခြေအနေထက် ကျော်လွန်သွားမည့် အလားအလာများကို မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ ထိုသို့ ရလဒ်ကောင်းများ ထွက်ပေါ်စေသည့် အဓိကအကြောင်းအချက်များမှာ ပြင်းပြသည့် ခရီးသွားလိုအား (travel demand) ဆက်လက်တိုးတက်ဖြစ်ပေါ်နေမှု၊ လေကြောင်းဆက်သွယ်ရေး ပိုမိုတိုးတက်လာမှုနှင့် ဗီဇာအစရှိသည့် ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန် ဖြေလျှော့ပေးမှုများကြောင့်ဟု သိရှိရပါကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် (၁ ဒသမ ၂၈) သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ခဲ့သည့် ၂ သိန်း ၃ သောင်းကျော်နှင့်နှိုင်းယှဉ်ပါက (၄)ဆခွဲ တိုးတက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ (ပထမငါးလအတွင်း) ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ၅ သိန်း ၂ သောင်းခန့် ဝင်ရောက်ခဲ့သည့်အတွက် ယခင်နှစ်အလားတူကာလအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှု ၃ သိန်း ၁ သောင်းကျော်နှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၆၃ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်လာခဲ့ပါကြောင်း၊ အဆိုပါတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကိုဗစ်-၁၉ မတိုင်မီ ဝင်ရောက်ခဲ့သည့် ခရီးသွားဧည့်သည်အရေအတွက်ကို ပြန်လည်ပြည့်မီရေး အဘက်ဘက်က ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကြုံတွေ့နေရသည့် အခက်အခဲများကိုဖြေရှင်းနိုင်ရေးနှင့် ခရီးစဉ်ဒေသများအလိုက် ကောင်းမွန်သည့် ဝန်ဆောင်မှုများကို အဆင့်အတန်းမြင့်မားတိုးတက်လာစေရန်အတွက် ခရီးစဉ်ဒေသများတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ဦးစားပေးဒေသအလိုက် ကျင်းပပြုလုပ်ပေးနေသည်ဟု သိရှိရပါကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများမှ ဖော်ထုတ်ရရှိချက်များအနက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များဖြင့် ညှိနှိုင်းပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုပါကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အလားတူ အလုပ်ရုံဆွေးနွေးပွဲများကို အချိန်အခါအလိုက်အခွင့်လျှဉ်းသင့်သလို ဆက်လက်ကျင်းပပြီး ခရီးစဉ်ဒေသများ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လာမည့်ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ရည်ရွယ်ချက်ကောင်းများစွာဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် အားလုံးအဆင့်မီမီ အင်ပြည့်အားပြည့်ပါဝင်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ နိုင်ငံအဆင့်ပွဲတော်ကြီး ဆောင်ရွက်မည့်ကိစ္စရပ်ကို ဗဟိုကော်မတီဝင်များက သိရှိမှတ်သားပြီး လိုအပ်သည့် အစီအမံများဆောင်ရွက်သွားရေး၊ ပြည်တွင်းပြည်ပအားကစားသမားများ၊ ခရီးသွားဧည့်သည်များ ကြိုတင်သိရှိစေရန် မြှင့်တင်ကြော်ငြာရေးနှင့် လာရောက်ကြည့်ရှုအားပေးရန် ဖိတ်ခေါ်ရေးတို့ကို မျှော်မှန်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်များပြားလာစေရေးအတွက် ဈေးကွက်ရှာဖွေမြှင့်တင်ရေး နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ခရီးသွားမြှင့်တင်ရေးကို ထိရောက်စွာအသုံးချရန်၊ ခရီးသွားဧည့်သည်များ ငွေပေးချေမှုတွင် Online အသုံးပြုပြီး Cashless Payment စနစ်များဖြင့် ဆောင်ရွက်နိုင်ရန်၊ MSMEs လုပ်ငန်းများအပါအဝင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် Ease of Doing Business လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ လွယ်ကူအဆင်ပြေစေရန်ကိုလည်း ကာလရှည်ရည်မှန်းချက်တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်သွားရန်၊ ဒေသထွက်အစားအသောက်များနှင့် တိုင်းရင်းသားရိုးရာအစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဒေသခံများနှင့်လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လက်ရှိတွင် အဓိကခရီးစဉ်ဒေသများကို ဝင်/ထွက်သွားလာရာတွင် အချက်အချာကျသည့် ကျိုင်းတုံ၊ ပုသိမ်၊ တာချီလိတ်စသည့် မြို့များရှိ လေဆိပ်များအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် လေကြောင်းခရီးစဉ်နှင့် ပြည်ပခရီးသွားများ ဝင်ရောက်လာနိုင်ရေး၊ ခရီးသွားအေဂျင်စီများအပါအဝင် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ခရီးသည်ပိုမိုလာရောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ အဓိက ခရီးသွားဈေးကွက်ဝင်နိုင်ငံများနှင့် အလားအလာရှိသည့် နိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုရရှိရန် ပြည်ဝင်ဗီဇာလွယ်ကူရေး လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် မိမိတို့၏ ဗဟိုကော်မတီအနေဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားဧည့်သည်များအကြားတွင် နိုင်ငံတကာခရီးစဉ်ဒေသတစ်ခုအဖြစ် အဆင့်မြှင့်တင်ရေး၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးရေး၊ ခရီးသွားလုပ်ငန်းနှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးစသည်တို့ကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် အားလုံးညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်ကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။



ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။



ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှု၊ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၉)ခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များကို ဆောင်ရွက်ရန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် ဒေသတွင်း မြို့/ ခရိုင်များ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားခွင့်ပြုရန်၊ ထူးခြားဖြစ်စဉ်များ အသိပေးရန်၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ် (GLMS) အား မပျက်မကွက်အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် အသုံးပြုခြင်း မရှိပါ က အရေးယူဆောင်ရွက်သွားရန်၊ လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ပြည်တွင်း၊ ပြည်ပဧည့်သည်များအား အခကြေးငွေဖြင့် တည်းခိုနေထိုင်နိုင်ရေး ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများအား အရေးယူဆောင်ရွက်ရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်သည့် ကမ်းခြေခရီးစဉ်ဒေသများအဖြစ် သတ်မှတ်နိုင်ရန်အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

## ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း(ပထမအကြိမ်)အတွက် အွန်လိုင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ





ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် သုတေသနဆောင်ရွက်ပုံနည်းလမ်းများ အတိုင်းစနစ်တကျ သုတေသနပြုလုပ်ခြင်းမှတစ်ဆင့် ရရှိလာသည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့်ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်နှင့် သုတေသနတွေ့ရှိချက်များကိုအခြေခံ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း(ပထမအကြိမ်) အတွက် အွန်လိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားပါသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် စစ်တမ်းကောက်ယူသွားကြမည့် အရာထမ်း၊ အမှုထမ်းများက In-Person ဖြင့် တက်ရောက်ကြပြီး မုံရွာစီးပွားရေးတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်(ရန်ကုန်)မှ ဌာနမှူးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(MTF)မှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Hybrid စနစ်ဖြင့် ပါဝင်တက်ရောက်ကြပါသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ၏ ခရီးသွားရခြင်းရည်ရွယ်ချက်များ၊ နေထိုင်မှုကာလ၊ အသုံးစရိတ်၊ ဝန်ဆောင်မှုများအပေါ် စိတ်ကျေနပ်မှုအခြေအနေ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို သိရှိနိုင်စေရန်အတွက် ပြည်တွင်းပြည်ပခရီးသွားစစ်တမ်းများကို ကောက်ယူခြင်းဖြစ်ကြောင်း၊ ပြည်ဝင်ခရီးသွားစစ်တမ်းကောက်ယူခြင်းကို ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မူဆယ်၊ ကော့သောင်းမြို့များရှိ နိုင်ငံတကာလေဆိပ်များ၊ နယ်စပ်ဂိတ်များ၊ ရေဆိပ်များနှင့် ပြည်တွင်းခရီးသွားစစ်တမ်းကို ခရီးသွားဆွဲဆောင်ရာနေရာများ၊ ဝင်/ထွက်ပေါက်များ၊ မီးရထားဘူတာရုံများတွင် ကောက်ယူသွားမည်ဖြစ်ကြောင်း ခရီးသွားဧည့်သည်များ၏ ခရီးသွားလုပ်ငန်းတွင် သုံးစွဲခဲ့မှုများကို ခရီးသွားစစ်တမ်းများကောက်ယူခြင်းမှသာ အနီးစပ်ဆုံးသိရှိနိုင်မှာဖြစ်ပြီး ၎င်းတို့သုံးစွဲခဲ့တဲ့ အသုံးစရိတ်များကနေတစ်ဆင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ (Tourism Receipts) ကို တွက်ချက်သိရှိနိုင်မည်ဖြစ်သည့်အတွက် ခရီးသွားစစ်တမ်းများ စဉ်ဆက်မပြတ် ကောက်ယူသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ခရီးသွားစစ်တမ်းလေ့လာဖော်ထုတ်ချက်များမှတဆင့် မြန်မာနိုင်ငံသား ခရီးသွားများနှင့် နိုင်ငံတကာခရီးသွားများ၏ လိုအပ်ချက်များ၊ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် (Action Plan) များ ရေးဆွဲခြင်း၊ ခရီးသွားဆွဲဆောင်မှုပုံစံသစ်များဖော်ထုတ်ခြင်း၊ ကောင်းမွန်သည့်ဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်များ ရှာဖွေမြှင့်တင်ခြင်း (Market Assessment & Promotion) တို့ကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် တိကျမှန်ကန်သည့် မူဝါဒ၊ ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနကဏ္ဍနှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပါသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးနိုင်က ပြည်ဝင်ခရီးသွားစစ်တမ်း (ပထမအကြိမ်) ကောက်ယူ

သွားမည့် အစီအစဉ်များနှင့် စစ်တမ်းကောက်ယူမည့် အရာထမ်း၊ အမှုထမ်းများအား သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။ ဆွေးနွေးပွဲသို့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဗဟိုကော်မတီဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် State Academy၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ဇွန်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၁/၂၀၂၄) ကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Development Board သို့မဟုတ် Authority တစ်ခုတည်ထောင်ရန် လိုအပ်ချက်ရှိ/မရှိနှင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ပြီး ဆန်းစစ်ချက်များနှင့်အတူ ကော်မတီသို့ ပြန်လည်တင်ပြနိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် Myanmar Tourism Development Board သို့မဟုတ် Authority တစ်ခုတည်ထောင်ရန် လိုအပ်ချက် ရှိ/မရှိနှင့် စပ်လျဉ်းပြီး အရေးပါသည့် ခေါင်းစဉ် (၅) ခုကို ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Tourism Development Board ၏ လုပ်ငန်းယန္တရား စနစ်တကျပေါ်ထွက်လာပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့်အကြောင်းအရာများနှင့် အဖွဲ့အလိုက်ဆွေးနွေးကြမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများသည် ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာအဖွဲ့ (၅) ဖွဲ့မှ ကိုယ်စားလှယ်များက MTDB ၏ အမည်၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ MTDB ၏ ဖွဲ့စည်းပုံ၊ MTDB ဥပဒေရေးဆွဲပြုစုရေးနှင့် ဥပဒေတွင်ထည့်သွင်းရမည့်ကိစ္စရပ်များ၊ MTDB ၏ စီမံကိန်းများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် MTDB ၏ ဘဏ္ဍာငွေအရင်းအမြစ်များရရှိခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ကို ဇူလိုင်လ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရန်အတွက် နှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိက ခရီးသွားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနေမှု၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး အစီအစဉ်များကိုရေးဆွဲပြီး အိန္ဒိယနိုင်ငံမှခရီးသွားဧည့်သည်များအပြင် နိုင်ငံတကာမှခရီးသွားဧည့်သည်များကိုပါ ဖိတ်ခေါ်သွားနိုင်ရေး၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားမြှင့်တင်ရေး ဗီဒီယိုများရိုက်ကူး၍ Social Media များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အိန္ဒိယနိုင်ငံ ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များကို မြန်မာနိုင်ငံသို့ဖိတ်ခေါ်ပြီး ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်(FAM-Trip)များ ဖိတ်ခေါ်ဆောင်ရွက်မည့်အစီအစဉ်များ၊ ခရီးသွားဧည့်သည်များ၏ ငွေကြေးလဲလှယ်သုံးစွဲမှု အဆင်ပြေစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၂၂ ရက်နေ့ ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအနီး မြင်းစီးအားကစားကွင်း အတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်များ၊ စိန်ပန်းပင်များ၊ သပြေဘူတပင်များနှင့် ငုရွှေဝါပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ အရာထမ်း/ အမှုထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်ရုံးခွဲများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပြီး ရတနာတန်းဝင် ကျွန်းပင်များ၊ နှစ်ရှည်သီးနှံပင်များနှင့် အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းနှင့် ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့ပြုလုပ်သည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် သစ်ပင်စုစုပေါင်း ၁၄၈၇ ပင်ကို စိုက်ပျိုးခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Yangon Regional Tourism Development Forum) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရီးစဉ်ဒေသစီမံ ခန့်ခွဲမှုအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် ယိမ်းအဖွဲ့က “ရွှေလက်ကမ်း၍ ကြိုလျက်ပါ” သီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဆွဲဆောင်မှု အရင်းအမြစ်များအပေါ် မူတည်၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများအားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းနှင့်ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျှော်မှန်း၍ လက်တွေ့ကျပြီး စနစ်တကျဆောင်ရွက်နိုင်သည့် အစီအမံများကို တက်ရောက်လာကြသူများ အားလုံးက ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း၊ ယခုဖိုရမ်မှ ရရှိလာမည့် ဆွေးနွေးမှုရလဒ်များကိုလည်း အထူးဂရုပြုအလေးထားပြီး ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့(DMO)များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့(DMO)များ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များပါဝင်သည့် အဖွဲ့ငါးဖွဲ့၍ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးဆောင်ရွက်မည့်အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပြုစေနိုင်မည့် စီမံချက် (Yangon Regional Tourism Development Plan) ကို ရေးဆွဲနိုင်ရေး ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ယိမ်းအဖွဲ့က “သွေးချင်းတို့ရဲ့မြေ” သီချင်းဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စီးပွားရေးရာဝန်ကြီးတို့က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ယိမ်းအဖွဲ့နှင့် ဖိုရမ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဖိုရမ်ကိုဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များ၏ အခန်းကဏ္ဍနှင့်လုပ်ငန်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး အဖွဲ့ငါးဖွဲ့ခွဲကာ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်း၊ ဆွေးနွေးပွဲရလဒ်များကို သုံးသပ်တင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့

အင်းယားလိတ်ဟိုတယ်၌ ကျင်းပသည့် မြန်မာ- အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသံရုံးမှ ဒုတိယအတွင်းဝန် Mr. Ashok Kumar၊ အိန္ဒိယ-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့်အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အာဆီယံ+အိန္ဒိယ၊ BIMSTEC၊ SASEC နှင့် မဲခေါင်-ဂင်္ဂါခရီးသွားလုပ်ငန်း စသည့်မူဘောင်များအတွင်း နီးကပ်စွာ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ အဆင်ပြေစွာလာရောက် လည်ပတ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များကို ဆိုက်ရောက်ဗီဇာဖြင့် လာရောက်လည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ အိန္ဒိယနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ရေးဆိုင်ရာများ၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ ပြေးဆွဲနေမှုအခြေအနေများ၊ မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်း/ အမှုထမ်းများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ (Human Resources) သည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို "ပညာ"အပေါ် အဓိကမူတည် တည်ဆောက်ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းမိသားစုဝင်များမှ ထူးချွန်ထက်မြက်သည့် ပညာတတ်အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ထူးချွန်သည့် ဘာသာရပ်အလိုက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်လျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြောင်းလဲလာသည့် ပညာရေးရေစီးကြောင်းနှင့်အညီ လိုက်ပါနိုင်အောင် အစဉ်ကြိုးစားသင်ယူနေရမည် ဖြစ်ပါကြောင်း၊ မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံနှင့်ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ပြီး အနာဂတ်နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် နိုင်ငံတော်၏ ဂုဏ်ကို ထွန်းလင်းတောက်ပစေသည့် အနာဂတ်လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသူများအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသူများအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအားလည်းကောင်း ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်ကြရာ ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။

## မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အကြိမ် (၆၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား

အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား

နိုင်ငံနှင့် အိန္ဒိယနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်များ ဦးဆောင်ပါဝင်သော အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက တစ်နှစ်လျှင် (၂)ကြိမ် အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိသည်။

အကြိမ် (၆၀) မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၄၅) ကြိမ်မြောက် အာဆီယံ + တရုတ်၊ ဂျပန်၊ ကိုရီးယားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေး၊ (၃၂) ကြိမ်မြောက် အာဆီယံ+ အိန္ဒိယခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးတို့ကို ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အထိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Video Conferencing စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အဆိုပါအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါ အစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်အလွန်ကာလ ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာရေးနှင့် အာဆီယံဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများ၏ ပံ့ပိုးကူညီမှု၊ အပြန်အလှန်ပူးပေါင်းဖလှယ်မှုနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများတွင် ဆောင်ရွက်ခဲ့မှုများကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း လာရောက်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လေးဆခွဲတိုးတက်ဝင်ရောက်ခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုအများဆုံး နိုင်ငံများအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့ဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လအထိ နိုင်ငံတကာ ခရီးသွားဧည့်သည် ၀ ဒသမ ၆ သန်း ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်းတိုးတက်ရောက်ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ခရီးသွားဧည့်သည်ဝင်ရောက်မှုအများဆုံးဖြစ်ပါကြောင်း၊ အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ နှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအရ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းနှင့် ပူးပေါင်းဈေးကွက်မြှင့်တင်ခြင်းများကို တိုးမြှင့်ဆောင်ရွက်စေလိုပါကြောင်း၊ ၂၀၂၅ အလွန် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာရေးဆွဲရေး စီမံကိန်းကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ဦးဆောင်ရေးဆွဲဆောင်ရွက်နေခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံခရီးသွားလုပ်ငန်းတိုးတက်မှုများကို မြှင့်တင်ရာတွင် ကူညီထည့်ဝင်ပံ့ပိုးပေးခဲ့သည့် အတွေ့အကြုံကောင်းများနှင့် ကျွမ်းကျင်မှုများအတွက် ပါဝင်သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအစည်းအဝေးများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ခရီးသွားလုပ်ငန်းများအဖြစ် ပုံဖော်ပေးနိုင်မည့် အသွင်ကူးပြောင်းရေးဆိုင်ရာ ရလဒ်များ ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးများကို ဆက်လက်ကျင်းပရာ မလေးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်က အကြိမ် (၆၀) မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်းဆောင်ရွက်ခဲ့ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက် တွင် (၄၅) ကြိမ်မြောက် အာဆီယံ+ ၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးကို မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ပူးတွဲအစည်းအဝေးဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ (၃၂)ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကို မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပူးတွဲအစည်းအဝေးဥက္ကဋ္ဌများအဖြစ်လည်းကောင်းဆောင်ရွက်၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေးများသို့ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အာဆီယံ-တရုတ် စင်တာ၊ အာဆီယံ-ဂျပန်စင်တာနှင့် အာဆီယံ-ကိုရီးယားစင်တာတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ကို လက်ခံတွေ့ဆုံ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အသင်း၏ ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့ကို ဇူလိုင် ၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အစဉ်အဆက်လက်တွဲဆောင်ရွက်ခဲ့သည့်အသင်းဖြစ်ပါကြောင်း၊ ယခုအသင်းမှ ရွေးချယ်တင်မြှောက်ထားရှိသော ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်က ၎င်းတို့အသင်း၏ ဖွဲ့စည်းမှုနှင့်လုပ်ငန်းတာဝန်များ၊ Myanmar International Travel Mart (2025) နှင့် Myanmar International Travel Expo (2026) အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အချက်အလက်များ လွှင့်တင်ရေးနှင့် ICT အသုံးပြုမှု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အချက်အလက်များ လွှင့်တင်ရေးနှင့် ICT အသုံးပြုမှု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖွန်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားပါသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား/ သူများက Online မှ ပါဝင်တက်ရောက်ကြပါသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာ၌ Information Communication Technology-ICT ဟုခေါ်သော သတင်းအချက်အလက်နှင့် နည်းပညာများသည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူမှုအဖွဲ့အစည်းတွင် မရှိမဖြစ်အရေးပါသော ကဏ္ဍတစ်ခုဖြစ်လာပါကြောင်း၊ ထိုနည်းပညာများကြောင့် ဆက်သွယ်မှုလွယ်ကူခြင်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီရရှိနိုင်ခြင်း၊ စွမ်းဆောင်ရည်နှင့်ကုန်ထုတ်စွမ်းအားကို တိုးမြှင့်နိုင်ခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်မြင့်မားလာခြင်း၊ လေ့ကျင့်ရေးနှင့်ပညာပေးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာခြင်း၊ အစိုးရ၏ ဝန်ဆောင်မှုများနှင့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် နိုင်ငံသားပါဝင်မှုကို မြှင့်တင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရှိလာပါကြောင်း၊ ထို့အပြင် ICT အသုံးပြုခြင်းကြောင့် ဆိုက်ဘာလုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်လုံခြုံရေးခြိမ်းခြောက်မှုများ မဟုတ်မမှန် သတင်းအမှားဖြန့်ချိမှုများ စသည့် စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေးဖော်ဆောင်ရာတွင် ဒီဂျစ်တယ်နည်းပညာများကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာအချက်အလက်များ ဗီဒီယိုများကို Social Media များတွင် အချိန်နှင့်တပြေးညီလွှင့်တင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ခရီးသွားဆွဲဆောင်ရာနေရာများ၊ ခရီးသွားလုပ်ရှားမှုများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ ခရီးသွားဆိုင်ရာ အချက်အလက်များကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာနိုင်မည်ဖြစ်ပါကြောင်း။

ယခုသင်တန်းကို တက်ရောက်သင့်ကြားမည့် သင်တန်းသား/ သင်တန်းသူများအနေဖြင့် သင်ခန်းစာများကို သေချာလိုက်နာလုပ်ဆောင်ကြပြီး မိမိတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကြဖို့ မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေးဆောင်ရွက်မှုများတွင် တတပ်တအားပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ခေတ်နှင့်လျော်ညီစွာ ဖြစ်ပေါ်တိုးတက်နေသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာကြပြီး သင်တန်းချိန်ပျက်ကွက်ခြင်းမရှိစေပဲ တက်တက်ကြွကြွနှင့် လေ့လာသင်ယူမှတ်သားကြရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်တွင်းပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီသည့် နည်းပညာများကို တီထွင်ဖန်တီးအသုံးပြုပြီး လက်တွေ့ကျကျ အကျိုးပြုနိုင်ရေး ဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ခရီးသွားစစ်တမ်းကောက်ယူတွေ့ရှိချက်များ မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

ခရီးသွားစစ်တမ်းကောက်ယူတွေ့ရှိချက်များ မိတ်ဆက်ခြင်းအခမ်းအနားကို ဖွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားပါသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီမှ ကောင်စီဝင် ဦးဇေယျာလင်း၊ တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့ (National Account Cluster) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဗဟိုစာရင်းအင်းအဖွဲ့(CSO) နှင့်ဆက်စပ်ဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ ဝန်ကြီးဌာနမှ အရာထမ်း အမှုထမ်းများ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ In Person ဖြင့် တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်

ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ မန္တလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ တွဲဘက်ပါမောက္ခများနှင့် ဆရာ/ ဆရာမများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက Online မှ ပါဝင်တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများကို နိုင်ငံတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိလာသော သုတေသနတွေ့ရှိချက်များအား ၂၀၁၉ ခုနှစ်မှ စတင်ကာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနားမှာ ၂၀၂၃ ခုနှစ်အတွက် ကောက်ယူခဲ့သော ပြည်ဝင်ခရီးသွားစစ်တမ်းနှင့် ပြည်တွင်းခရီးသွားစစ်တမ်းများ၏ စစ်တမ်းတွေ့ရှိချက်များအား အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် မိတ်ဆက်ဖြန့်ဝေပေးခြင်းဖြစ်ပါကြောင်း၊ ယင်းစစ်တမ်းတွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသော နိုင်ငံခြားသားခရီးသွားဧည့်သည် များ၊ နိုင်ငံတွင်းသွားလာလည်ပတ်ခဲ့ကြသည့် ပြည်တွင်းခရီးသွားဧည့်သည်များ၏ ခရီးသွားရခြင်း ရည်ရွယ်ချက်၊ နေထိုင်မှုကာလ၊ အသုံးစရိတ်၊ ဝန်ဆောင်မှုအပေါ် စိတ်ကျေနပ်မှုအနေအထားနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအပေါ် အကြံပြုချက်များ ပါဝင်ပါကြောင်း၊ ယခုစစ်တမ်းအား ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများနှင့် ဝန်ကြီးဌာန၏ Website နှင့် social media များတွင်လည်း လွှင့်တင်ထားပြီးဖြစ်ပါကြောင်း။ စစ်တမ်းကောက်ယူနိုင်ရေးအတွက် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ဦးဆောင်၍ မြို့ပေါင်း(၁၉)မြို့ရှိ ပြည်တွင်းလေဆိပ်များ၊ ခရီးသွား ဆွဲဆောင်ရာနေရာများ၊ အဝေးပြေးကားဂိတ်များ၊ မီးရထားဘူတာရုံများ၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များ၌ သတ်မှတ်အရေအတွက်အတိုင်း ပြည့်မီအောင် ကောက်ယူခဲ့ပြီး စစ်တမ်းကောက်ယူခြင်း နည်းပညာရပ်များပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သုတေသနကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး တိကျမှန်ကန်သည့် မူဝါဒ၊ ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားပါသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးနိုင်က ပြည်တွင်း၊ ပြည်ပ ခရီးသွားစစ်တမ်းကောက်ယူတွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးအကြံပြုတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ဆက်လက်ဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ပြောကြားခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ၂၀၂၄ ခုနှစ်၊ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

၂၀၂၄ ခုနှစ်၊ ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမအစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားပါသည်။ အစည်းအဝေးသို့ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အဆောက်အဦဦးစီးဌာန၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ တက်ရောက်ကြပါသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ပဥ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများဖြင့် စုစည်း၍ ဆပ်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိပါကြောင်း၊ ယနေ့အစည်းအဝေးမှာ ယင်းဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး အသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယခုပဥ္စမအကြိမ်အဖြစ် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီအနေနှင့် ချမှတ်ထားသော လုပ်ငန်းတာဝန်များနှင့်အညီ တည်းခိုနေထိုင်မည့်သူများအားလုံးအဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရေးအတွက် တည်းခိုမည့်နေရာများအား ကျန်းမာရေးနှင့် ညီညွတ်မျှတပြီး သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး၊ ကူးစက်ရောဂါများ မဖြစ်ပွားအောင် ဆောင်ရွက်ထားရှိရေး၊ ဧည့်ခံကျွေးမွေးရာတွင်လည်း အစားအသောက်များသန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးဆပ်ကော်မတီမှ ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေး၊ ချက်ပြုတ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတာဝန်ထမ်းဆောင်မည့်သူများ ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး၊ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆပ်ကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားပါသည်။ ဆက်လက်၍ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်

ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော်နိုင်ရေး၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားနည်းပြများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒိုင်/ဂျူရီများ၏ တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ဆပ်ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိပ်ဆွေးနွေးတင်ပြပေးကြစေလိုပါကြောင်း ပြောကြားပါသည်။ ထို့နောက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပါသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသီးသီး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ခရီးစဉ်ဒေသများတွင် One Tourist One Tree အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စံပြကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)များကို ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ခရီးစဉ်ဒေသများတွင် One Tourist One Tree အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စံပြကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism – CBT) များကို ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စံပြကျေးရွာများအနက် အလားအလာရှိသော ကျေးရွာများကို စနစ်တကျ ရွေးချယ်ပြီး ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရန်နှင့် ထိုအစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ခရီးစဉ်ဒေသများတွင် One Tourist One Tree အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စံပြကျေးရွာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism–CBT) များကို ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီတာအေးတို့က ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT) အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် “One Tourist One Tree” အစီအစဉ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက စံပြကျေးရွာများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် One Tourist One Tree အစီအစဉ်နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အသိအမှတ်ပြုမှုအစီအစဉ် စတင်မိတ်ဆက်ခြင်းနှင့် နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အသိအမှတ်ပြုမှုအစီအစဉ် စတင်မိတ်ဆက်ခြင်း၊ နိုင်ငံအဆင့် အာဆီယံသင်ကြားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပပြုလုပ်သည်။




အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဒုဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ASEAN Master Trainer နှင့် Assessor များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချနေသော ပုဂ္ဂလိကသင်တန်းကျောင်းနှင့် စစ်ဆေးအကဲဖြတ်ဌာန (Assessment Center) များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ပုဂ္ဂလိကသင်တန်းကျောင်းများအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်ဌာနများက ထုတ်ပြန်ထားရှိသော ပညာရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး သင်ရိုးညွှန်းတမ်းများ တစ်သမတ်တည်းဖြင့် စံချိန်စံနှုန်းမီစေရန် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအသိအမှတ်ပြုမှုအစီအစဉ်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အသိအမှတ်ပြုမှုအစီအစဉ် အောင်မြင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် သင်ရိုးညွှန်းတမ်းများကို အာဆီယံအဆင့်မီအောင် ပြင်ဆင်ဆောင်ရွက်ပြီး နည်းပြများအနေနှင့်လည်း နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်းများတက်ရောက်ပြီး ဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားရယူကြရန်လိုအပ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် ဝန်ကြီးဌာန အသိအမှတ်ပြုသင်တန်းကျောင်းများ ဖြစ်ထွန်းလာစေရန်နှင့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ အသိအမှတ်ပြုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ-၃ ဦးကျော်မင်းထင်က ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) ၌ ကျင်းပပြုလုပ်သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် “The Establishment of Bakery & Pastry Training” စီမံကိန်း၏ မုန့်ဖုတ်နည်း (အခြေခံ) သင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်းပွဲနှင့် မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်းအမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် အကျိုးရလဒ်များ၊ နိုင်ငံတကာ မုန့်ဖုတ်နည်းအသက်မွေးဝမ်းကျောင်းပညာရပ်များ ဖြန့်ဝေပေးနိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မှုအခြေအနေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှုအခြေအနေနှင့် ဝန်ကြီးဌာနမှ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ပြီး ထူးချွန်စွာအောင်မြင်သော သင်တန်းသားကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းပို့ချနေမှုနှင့် လက်တွေ့မုန့်ဖုတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

## ကလောမြို့ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၂-၂၀၂၅) ပါ မဟာဗျူဟာအစီအစဉ်များကို အထူးဂရုစိုက်အကောင်အထည်ဖော်ကြရန် လိုအပ်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မေလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ကလောမြို့ရှိ ခရီးသွားပြည်သူများ အပန်းဖြေအနားယူရန် ဆောင်ရွက်ထားရှိသည့် မောမြေဦးပန်းခြံ၊ နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ အဆောက်အအုံတစ်ခုဖြစ်ပြီး သမိုင်းအမွေအနှစ်တစ်ခုလည်းဖြစ်သည့် ကလောဘူတာသို့ သွားရောက်ပြီး ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် Heritage Tourism ဖော်ဆောင်သွားနိုင်မည့် အခြေအနေများ၊ Maluca Villa သို့ သွားရောက်ပြီး ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေး ပြင်ဆင်ထားရှိမှု၊ Maluca နာမည်ဖြင့် အဆင့်အတန်းမီ သဘာဝလူသုံးကုန်ပစ္စည်းထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ ကလောဂါးဒင်း ဟိုတယ်၌ ကျင်းပသည့် ကလောမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကလော ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဖိုရမ်အား ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရာတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များ၏ အခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) ၏ အစီရင်ခံစာအရ ကမ္ဘာနှင့်အဝန်းခရီးစဉ်ဒေသများသို့ နိုင်ငံတကာခရီးသည် ရောက်ရှိမှုမှာ ၂၀၂၃ ခုနှစ် နှင့် ၂၀၂၂ ခုနှစ်တို့ နှိုင်းယှဉ်ပါက ၃၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်မှုမှာလည်း တိုးတက်ခဲ့ပါကြောင်း၊ ကလောမြို့သို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာလည်း တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကလောမြို့ ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၂၂-၂၀၂၅) ပါ မဟာဗျူဟာ အစီအစဉ်များကို အထူးဂရုစိုက်အကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း၊ စီမံကိန်းမှာ ဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့ကျင်းပသော ဖိုရမ်မှတစ်ဆင့် ကလောမြို့ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးဖော်ထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အတွင်း ခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ထုတ်ထားရှိမှု၊ ပြည်နယ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့်အတူ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်၍ ဘုရားဖူးခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မှု၊ မြင်းကကျေးရွာရှိ အပန်းဖြေခရီးသွားလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဖျိုက်တောင် View Point နေရာများသို့ သွားရောက်ပြီး အပန်းဖြေခရီးသွားလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ နန်းသဲကျေးရွာရှိ Kalaw Glamping Adventure Tourism Site သို့ သွားရောက်ကာ ခရီးသွားဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းစွာ စွန့်စားခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ထားရှိမှုနှင့် အပန်းဖြေခရီးသွားလုပ်ငန်းဖော်ဆောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Kalaw Hill Lodge Hotel သို့ သွားရောက်ပြီး ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝက်ဖြူရေကျေးရွာအုပ်စု ရေယောင်းမကျေးရွာအား ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားရှိသော အခြေအနေများ၊ ခရီးသွားဧည့်သည်များကျေးရွာအတွင်း လာရောက်လည်ပတ်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ ခရီးသွားဧည့်သည်များ တောတောင်ရေမြေသဘာဝအလှအပများ ကြည့်ရှုခံစားနိုင်စေရန် View Point များ၊ အပန်းဖြေစခန်းများ စီစဉ်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain ဦးဆောင်သောအဖွဲ့အား မေလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားပြည်သူများ အပြန်အလှန်သွားလာလည်ပတ်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုများ ဖလှယ်ခြင်းမှတစ်ဆင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အပြန်အလှန်သွားလာလည်ပတ်မှုမြှင့်တင်ရေး၊ မြန်မာ-အိန္ဒိယ-သီရိလင်္ကာ-နီပေါ-ဘူတန်နိုင်ငံများနှင့် ပူးပေါင်း၍ ဘုရားဖူးခရီးစဉ်များ မြှင့်တင်ဆောင်ရွက်လိုမှု၊ ယခင်ပြေးဆွဲခဲ့သော ရန်ကုန်-ဒါကာ၊ ဒါကာ-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပင်လယ်ကမ်းရိုးတန်းဆိုင်ရာ ပို့ဆောင်ရေးသဘောတူညီချက် အစီအစဉ်များ ဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသများမြှင့်တင်ကြော်ငြာရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်




ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်စဉ် ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရေးရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ စီစဉ်ကြီးကြပ်မှုဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို မေလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တက်ရောက်အမှာစကားပြောကြားပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများတက်ရောက်ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ယခုသင်တန်းအား ခရီးသွားလုပ်ငန်းရှိ ဧည့်ဝန်ဆောင်မှုကဏ္ဍမှ ဝန်ထမ်းများ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်း(၃)မျိုးဖြစ်သည့် ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းမှုသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းကောင်းများရရှိရေးအတွက် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများနှင့် အခြားဆက်စပ်သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ၎င်းအပြင် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း/ သင်တန်းကျောင်းများ အသိအမှတ်ပြုမှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ မြှင့်တင်ကြော်ငြာရေး၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်များစီစဉ်၍ ပြည်ပခရီးသွားတိုးတက်ဝင်ရောက်လာရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍရှိ ဝန်ထမ်းများ ကျွမ်းကျင်ဝန်ထမ်းများအဖြစ် မွေးထုတ်ပေးနိုင်ရန် ယခုကဲ့သို့သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းမှာ ခရီးသွားလုပ်ငန်းစနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခုပင်

ဖြစ်ပါကြောင်း၊ သင်တန်းသားသင်တန်းသူများအနေနှင့် စနစ်တကျလေ့လာသင်ယူကြပြီး မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချနိုင်ရေးကြိုးစားကြရန်၊ လာရောက်လည်ပတ်မည့် ဧည့်သည်များကို ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးပြီး မိမိတို့တိုင်းပြည်၏ ဂုဏ်သတင်းကောင်းများကို ကမ္ဘာက ပိုမိုကျယ်ပြန့်စွာ သိရှိအောင် ဝိုင်းဝန်းကြိုးစားသွားကြရန် တိုက်တွန်းပြောကြားပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး သင်တန်းဖွင့်လှစ်ပို့ချပေးနေမှု အခြေအနေများအား လိုက်လံကြည့်ရှုခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တက်ရောက်




မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို မေလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။ ဖိုရမ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ခရီးစဉ်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် မြင့်တင်ကြော်ငြာရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းအပေါ် သုံးသပ်ချက်များ၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ မန္တလေးတိုင်းဒေသကြီးကို ကမ္ဘာကသိသော ခရီးစဉ်ဒေသကြီးတစ်ခုအဖြစ် ဆောင်ရွက်သွားရမည့် အခြေအနေများနှင့် တိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်ခဲ့မှုအခြေအနေများ၊ ဖိုရမ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် အလားအလာကောင်းများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် ASEAN Tourism Award ဆုရရှိသော Rupar Mandalar Hotel နှင့် The View@Dattawgyaink Hotel တို့ကို ဆုများချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်ရာတွင် အဆင်ပြေစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မေလ ၁၉ ရက်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အမရပူရမြို့နယ်အတွင်းရှိ ဦးပိန်တံတားသို့ သွားရောက်ပြီး ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်စေရေး စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မြနန်းစံကျော်ရွှေနန်းတော်ကြီး၌ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးနှင့် Tour package များ ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဆွဲဆောင်ရာနေရာများဖြစ်သည့် ကျောက်တော်ကြီးဘုရားနှင့် ကုသိုလ်တော်ဘုရားတို့တွင် ဘုရားဖူးခရီးသွားများ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာရွှေမြို့တော်ဟိုတယ်၌ ကျင်းပသည့် မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်၏ Business Matching အစီအစဉ်သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် FAM Trip အသင်းအဖွဲ့များကိုယ်စား မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့်ခရီးသွားမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. David Liu၊ မီဒီယာများကိုယ်စား Ms. Wan Zi Jing The Tourist Information (Editor in Chief)၊ ခရီးသွားအေဂျင်စီများကိုယ်စား Mr. Li Ru Can (YASO Travel)မှ အကြီးအကဲတို့က သွားရောက်ခဲ့သည့်ခရီးစဉ်များအလိုက် တွေ့ကြုံခဲ့ရမှုနှင့် လေ့လာခဲ့ရမှုအခြေအနေများ၊ တရုတ်နိုင်ငံမီဒီယာများတွင် မြှင့်တင်ကြော်ငြာပေးသွားမည့် အခြေအနေများ၊ တရုတ်ခရီးသွားများ လာရောက်ရာတွင် အဆင်ပြေစေရန် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကိုယ်စားလှယ်အဖွဲ့များကို အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနား ကျင်းပ




၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အသီးသီးတွင် တက်ရောက်သင်ကြားကြမည့် ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို မေလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်း

ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းမိသားစုဝင်များမှ ထူးချွန်ထက်မြက်သည့် ပညာတတ်အနာဂတ် မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ ပညာသင်ကြားလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကို နှစ်စဉ်ချီးမြှင့်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဝန်ကြီးဌာနဝန်ထမ်းများ၏ သားသမီးများအနက် အခြေခံပညာ မူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၁၀ တို့အတွက် ပညာသင်စရိတ်များထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် အနာဂတ်တွင် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် အကျင့်စာရိတ္တနှင့် စည်းကမ်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ပညာကို ကြိုးစားသင်ယူကြရမည်ဖြစ်ကြောင်း၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို နှလုံးသွင်းပြီး အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံအကျိုးကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် သယ်ပိုးထမ်းရွက်နိုင်အောင် စဉ်ဆက်မပြတ်ကြိုးစားကြစေလိုကြောင်း၊ ထူးချွန်ထက်မြက်လိမ္မာယဉ်ကျေးပြီး ဝေဖန်ပိုင်းခြား သိမြင်တတ်သည့် အနာဂတ်လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်မည့် တက္ကသိုလ်နှင့် အထက်တန်းကျောင်းသားကျောင်းသူများကိုယ်စား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဒုတိယနှစ် ကျောင်းသား မောင်ကျော်ဇင်ဝင်းနှင့် Grade-12 ကျောင်းသူ မအေးမြတ်နိုးခင်တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အလယ်တန်းနှင့်မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကိုယ်စား Grade-7 ကျောင်းသူ မပိုပိုမင်းထွန်းနှင့် Grade-4 ကျောင်းသူ မအိမ့်မှူးအလင်္ကာတို့ကိုလည်းကောင်း ပညာသင်ထောက်ပံ့စရိတ်များ ပေးအပ်ချီးမြှင့်ကြရာ ကျောင်းသားကျောင်းသူများကိုယ်စား Grade-12 ကျောင်းသူ မအေးမြတ်နိုးခင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။

## မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip- FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များ နေပြည်တော်ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ အမှတ်တရ သစ်ပင်များစိုက်ပျိုး



မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip- FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များသည် မေလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ အမှတ်တရသစ်ပင်များ စိုက်ပျိုးကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ်ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်တွင်လိုက်ပါလာကြသည့် ကိုယ်စားလှယ်များကို ယခုခရီးစဉ်၏ အမှတ်တရအဖြစ် သစ်ပင်စိုက်ပျိုးခြင်းအစီအစဉ် ထည့်သွင်းပေးထားခြင်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ စိုက်ပျိုးထားခဲ့သော အပင်များကို နောင်လာမည့်နှစ်များတွင် လာရောက်ကြည့်ရှုနိုင်ရေးအတွက် ထပ်မံဖိတ်ခေါ်ပေးသွားမည်ဖြစ်ပါကြောင်း၊ အစိမ်းရောင်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်ရာတွင် အားပေးကူညီပေးစေလိုသည့်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဆက်လက်သွားရောက်မည့် ခရီးစဉ်များတွင် ပျော်ရွှင်ပါစေကြောင်း ဆုမွန်တောင်းစကားပြောကြားသည်။

ထို့နောက် (FAM Trip) ၏ ကိုယ်စားပြုသူ ကိုယ်စားလှယ်တစ်ဦးက သစ်ပင်စိုက်ပျိုးစောင့်ရှောက်မှုအတွက် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌထံသို့ အလှူငွေပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ Sendai မြို့အခြေစိုက် Grape City ကုမ္ပဏီလီမိတက်မှ ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာန၏ နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ခေတ်စနစ်နှင့်လျော်ညီသော ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုများ ရိုက်ကူးတည်းဖြတ်ရေးဆိုင်ရာကိစ္စ၊ website နှင့် social media များတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းမွန်သော ခရီးသွားအချက်အလက်များကျယ်ကျယ်ပြန့်ပြန့် လွှင့်တင်ဖြန့်ဝေရေးဆိုင်ရာကိစ္စ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ခရီးစဉ်ဒေသများအလိုက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများနှင့် အစားအစာများ မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စ၊ နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာနိုင်ငံကို ဆွဲဆောင်မှုရှိပြီး လည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

## မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေးရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (FAM Trip) တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသည့် ခရီးစဉ်ဒေသများကို နှစ်သက်သဘောကျကြမည်ဟု ယုံကြည်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသော မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip- FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များကို မေလ ၁၅ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ တွေ့ဆုံရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသည့် ခရီးစဉ်ဒေသများကို နှစ်သက်သဘောကျကြမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်

ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် အလွယ်တကူလာရောက်လည်ပတ်နိုင်သော အချက်အချာကျသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ နေပြည်တော်သည် ပြပွဲများနှင့် အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ပြည့်စုံမှုရှိပါကြောင်း၊ နေပြည်တော်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ခရီးသွားဆွဲဆောင်ရာ နေရာ ၃၈ နေရာရှိသည့်အတွက် လာရောက်မည့် ခရီးသွားဧည့်သည်များက ရသမျိုးစုံခံစားနိုင်သော ခရီးစဉ်ဒေသတစ်ခုပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် နေပြည်တော်သို့ ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် နိုင်ငံတကာမှ မီဒီယာများ၊ ခရီးသွားအဖွဲ့အစည်းများနှင့် ကုမ္ပဏီများကို ဖိတ်ခေါ်၍ ဖန်ထရစ်ခရီးစဉ်များ၊ Tour Package နှင့် ခရီးသွားအစီအစဉ်များတွင် ထည့်သွင်းရေးဆွဲခြင်းများ၊ ခရီးစဉ်မြှင့်တင်ကြော်ငြာခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများ သွားရောက်ခဲ့သည့် ခရီးစဉ်များတွင် “One Tourist One Tree” ပုံစံဖြင့် သစ်ပင်စိုက်ပျိုးမှုအစီအစဉ်ကို အမှတ်တရအစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းပေးထားခဲ့ပါကြောင်း၊ ယခု ဖန်ထရစ်ခရီးစဉ် (FAM Trip) တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ခရီးစဉ်ပြီးမြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် သွားလာလည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်မျှဝေပေးကြစေလိုပါကြောင်း ပြောကြားသည်။ ထို့နောက် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) တွင် ဦးဆောင်လိုက်ပါလာသည့် မြန်မာ-တရုတ်ခရီးသွားမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. David Liu က ၎င်းတို့အနေဖြင့် တရုတ်နိုင်ငံတွင် ကြားသိရသော မြန်မာနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်နိုင်သည့် သတင်းများမှာ ယခုလာရောက်ရာတွင် သတင်းတု သတင်းမှားများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံမှာ ဆွဲဆောင်မှုရှိပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝ၍ လာရောက်လည်ပတ်သင့်သော ခရီးစဉ်ဒေသတစ်ခုဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိပကတိ အခြေအနေအား ယခုခရီးစဉ်တွင် တရုတ်မီဒီယာများ၌ တိုက်ရိုက်လွှင့်တင်လျက်ရှိပြီး တရုတ်နိုင်ငံသို့ ပြန်ရောက်သည့်အခါတွင်လည်း ကျယ်ကျယ်ပြန့်ပြန့်လွှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်၏ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုခရီးစဉ်ကို အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးကောင်းမွန်စွာ စီစဉ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (FAM Trip) တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Grand Amara Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအဖွဲ့တွင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ဌာနများ၊ ခရီးသွားအေဂျင်စီများနှင့် မီဒီယာများပါဝင်ပြီး ၎င်းတို့အဖွဲ့အနေဖြင့် ရန်ကုန်၊ ငွေဆောင်တို့သို့ သွားရောက်လည်ပတ်ခဲ့ကာ နေပြည်တော်၊ ပုဂံ၊ မန္တလေးတို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများသို့ ဆက်လက်သွားရောက်လည်ပတ်ကြမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသ ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ် ကွန်ဖရင့်သို့တက်ရောက်




ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)နှင့် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အာရှနှင့်ပစိဖိတ်ဒေသခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ် ကွန်ဖရင့် (2nd UN Tourism Conference on the Empowerment of Women in Tourism in Asia and the Pacific) ကို မေ ၂ ရက်မှ ၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ Nusa Dua Bali ရှိ Bali International ConventionCenter (BICC)၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

အဆိုပါ ကွန်ဖရင့်ကို “အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအနာဂတ်အား ဖော်ဆောင်ရာတွင် အမျိုးသမီးဦးဆောင်သူများ၏ စွမ်းဆောင်ရည်များ” (“Woman-Led Initiatives Shaping The Future of Inclusive and Sustain-able Tourism”) ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများဦးဆောင်နိုင်မည့် အခွင့်အလမ်းနှင့် အစီအစဉ်များကို ရှာဖွေဖော်ထုတ်သွားရန်ရည်ရွယ်ထားပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီလေဆိပ်သို့ ရောက်ရှိကြပြီး အင်ဒိုနီးရှား နိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂ ရက် နံနက်ပိုင်းတွင် Bali International Convention Center (BICC) ၌ ကျင်းပသည့် “အာရှနှင့် ပစိဖိတ်ဒေသ ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဒုတိယအကြိမ်ကွန်ဖရင့်” သို့ တက်ရောက်သည်။

အဆိုပါကွန်ဖရင့်၏ ပထမနေ့ ဖွင့်ပွဲအခမ်းအနားတွင် ဘာလီ၏တာဝန်ခံမြို့တော်ဝန် Mr. Jrjen Mahendra Jaya ၊ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာန ဒုတိယဝန်ကြီး H.E. Ms. Angela Tanoesoedibjo၊ မော်လဒိုက်နိုင်ငံ ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.

Ms. Mariyam Nasheetha Nasheed နှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှနှင့် ပစိဖိတ်ဒေသတာဝန်ခံညွှန်ကြားရေးမှူး Mr. Harry Hwang တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသမီးဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ အင်ဒိုနီးရှားနိုင်ငံမှ ခရီးသွားနှင့်တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာန ဒုတိယဝန်ကြီး H.E. Ms. Angela Tanoesoedibjo၊ လာအိုနိုင်ငံမှ ယဉ်ကျေးမှုနှင့်ခရီးသွားဌာန ဒုတိယဝန်ကြီး H.E. Ms. Darany Phommavongsa၊ မော်လဒိုက်နိုင်ငံမှ ခရီးသွားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Mariyam Nasheetha Nasheed နှင့် ဆာမိုအာနိုင်ငံမှ Smart Investments Ltd ညွှန်ကြားရေးမှူး Ms. Sonja Hunter တို့က ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသော အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ၊ အောင်မြင်တိုးတက်မှုများနှင့် ကြုံတွေ့ရသည့် အခက်အခဲများအပေါ် ဆွေးနွေးပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများက ဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများ၏ ဆောင်ရွက်ချက်များ၊ တီမောလက်စတေနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် ခရီးသွားလုပ်ငန်းပြန်လည်ထူထောင်ရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများ အကြောင်းကိုလည်းကောင်း၊ မကာအိုခရီးသွားဌာန၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ သြစတြေးလျနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပညာရေးနှင့် လေ့ကျင့်သင်ကြားခြင်း၏ အမျိုးသမီးများ ခရီးသွားလုပ်ငန်းတွင် ပါဝင်မှုအပေါ် သက်ရောက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသည့် networking dinner သို့ တက်ရောက်သည်။

မေ ၃ ရက် ကွန်ဖရင့်ဒုတိယနေ့တွင် သြစတြေးလျနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ရှိ ပုဂ္ဂလိကခရီးသွားလုပ်ငန်း ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှပစိဖိတ်ဒေသတွင်း ဌာနညှိနှိုင်းရေးမှူးတို့က ခရီးသွားလုပ်ငန်းတွင် အမျိုးသမီးများ ဘေးကင်းလုံခြုံစွာ ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ကွန်ဖရင့်ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှနှင့်ပစိဖိတ်ဒေသ တာဝန်ခံညွှန်ကြားရေးမှူး Mr. Harry Hwang နှင့် အင်ဒိုနီးရှားနိုင်ငံ ခရီးသွားနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးရာဌာနဝန်ကြီး H.E. Mr. Sandiaga Uno တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ဖရင့် ဒုတိယနေ့ညနေပိုင်းတွင် ကာဗွန်ထုတ်လုပ်မှု လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် ဒီရေတောပျိုးပင်စိုက်ပျိုးခြင်း အစီအစဉ်သို့ တက်ရောက်ပြီး ဒီရေတောပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ အုဘုဒေသရှိ ARMA ပြတိုက်နေရာသို့သွားရောက်ကာ ဘာလီရိုးရာယဉ်ကျေးမှုအက သင်ကြားနေမှုများ၊ လက်မှုပန်းပုလက်ရာများ၊ ရှေးခေတ်ပန်းချီဆရာကြီးများ၏ လက်ရာများနှင့် ရေဆေးဆီဆေး ပန်းချီကားများ လက်တွေ့ရေးဆွဲဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှ ပြန်လည်ထွက်ခွာကြရာ မေ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၃၆) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး (36th CAP-CSA joint Meeting) နှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်း ဌာနအတွင်းဝန်တို့၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့တွင် ၂၆-၆-၂၀၂၄ ရက်နေ့မှ ၂၈-၆-၂၀၂၄ ရက်နေ့ထိ ကျင်းပသည့် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့(UN Tourism) ၏ ပထမအကြိမ်အာရှနှင့် ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်နှင့် (၃၆) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၆-၆-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့ရှိ Shangri-La Mactan ဟိုတယ်၌ ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အာရှနှင့်ပစိဖိတ်ဒေသအတွက် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ လာပူလာပူမြို့ မြို့တော်ဝန် Mr. Junard Chan၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Poloikashvili နှင့် ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန် Ms. Christina Garcia Frasco တို့က အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။

ထို့နောက် အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖိုရမ်၏ အစီအစဉ်အရ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ၊ ခရီးသွားလုပ်ငန်းအဖွဲ့အတွင်းဝန်၊ အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် တီထွင်ဖန်တီးမှုရှိသော စီးပွားရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဂျပန်နိုင်ငံ မြေနှင့် အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ Vice Commissioner နှင့် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ခရီးစဉ်ဒေသမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း ဆွဲဆောင်မှုများဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းတွင် ဒေသခံပြည်သူများပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးနှင့် အကျိုးအမြတ်များ ရရှိစေရေးကို ဆောင်ရွက်ရာတွင် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍

အရေးပါသော မူဝါဒများမှန်ကန်စွာချမှတ်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက FAO Mountain Partnership project နှင့်စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အစားအစာထွက် အမှိုက်များလျှော့ချခြင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ ပိုမိုသုံးစွဲခြင်း၊ အာရှနှင့် ပစိဖိတ်ဒေသရှိ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၏ အောင်မြင်မှုများ၊ အစားအသောက်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် စီဘူးမြို့၏ ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ ညွှန်ကြားရေးမှူးက ဈေးကွက်ထောက်လှမ်းရေး၊ မူဝါဒများနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြခဲ့ကြပါသည်။

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၇-၆-၂၀၂၄) ရက်နေ့ နံနက်ပိုင်းတွင် UN Tourism ၏ အကောင်းဆုံး ခရီးသွားကျေးရွာဆုရရှိသည့် ကျေးရွာများသို့ သွားရောက် လေ့လာခဲ့ကြပြီး ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၈-၆-၂၀၂၄) ရက်နေ့တွင် Sheraton Mactan ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ (၃၆) ကြိမ်မြောက်အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ရာ အဆိုပါအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ဖိလစ်ပိုင်နိုင်ငံ သမ္မတ Mr. Ferdinand Bongbong Romualdez Marcos Jr. တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပရာဒုတိယဝန်ကြီးက ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသော ရာသီဥတုပြောင်းလဲခြင်းကို တုန့်ပြန်ရာတွင် နည်းပညာအသစ်များအပေါ် ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာဆွဲဆောင်မှုများအား ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ တိကျပြည့်စုံသည့် မူဝါဒများ ချမှတ်နိုင်ရေးနှင့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ပြီး ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ၃၀-၆-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့မှ မြန်မာနိုင်ငံရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၄-၅-၂၀၂၂ ရက်နေ့မှ ၃၁-၇-၂၀၂၄ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၂၂၀၅၉)ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၁-၇-၂၀၂၄)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၃၁-၇-၂၀၂၄) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၄၉(လုံး) |
| | | ၈၇၃၄၅(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၈၄(လုံး) |
| | | ၁၃၆၈၄(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၄၃၃(လုံး) |
| | | ၁၀၁၀၂၉(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၂၇၆၅(ခု) |
| | (ခ ) ပြည်ပ | ၉၂၆(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | |
| | (က)ဧည့်လမ်းညွှန် | ၃၇၄၅(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၁၁၇(ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သော စာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၃ ဇန်နဝါရီမှ ဇူလိုင်လ အထိ | ၂၀၂၄ ဇန်နဝါရီလ ဇူလိုင်လ အထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၁၅၈၆၆၃ | ၁၆၃၉၉၈ | ၅၃၃၅ | (+) ၃% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၃၆၁ | ၃၇၆ | (-) ၁၅ | (+)၄% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | ၁၀၉၅၅ | ၅၅၃ | (-)၁၀၄၀၂ | (-) ၉၅% |
| | **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | **၁၆၉၉၇၉** | **၁၆၄၉၂၇** | **-၅၀၅၂** | **(-)၃%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၄၃၉၇၁၁ | ၅၂၆၁၇၀ | ၈၆၄၅၉ | (+)၂၀% |
| | **စုစုပေါင်း** | **၆၀၉၆၉၀** | **၆၉၁၀၉၇** | **၈၁၄၀၇** | **(+)၁၃%** |

၂၅-၇-၂၀၂၄ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၆၃)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ် (၅၀၉)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၅၀၉)လုံးအနက် (၄၈၆)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးထောက်ခံတင်ပြလာခဲ့ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့်အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၁-၇-၂၀၂၄) ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီ အသိအမှတ် ပြုလက်မှတ် ထုတ်ပေးထားမှု | Online Approve များ အနက် Plaque ထုတ်ပေးထားမှု | Online Approve များ အနက် Plaque မရရှိသေးသည့် ဟိုတယ်/ တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/ တည်းခိုရိပ်သာများ | နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခိုရိပ်သာ များစာရင်း | လျှောက်ထားမှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၅၇ | ၅၁ | ၅၀ | ၁ | ၆ | ၁၀၁ | ၅၆ |
| ၂ | မန္တလေး | ၅၉ | ၄၄ | ၃၇ | ၇ | ၁၅ | ၅၉၄ | ၁၀ |
| ၃ | ရန်ကုန် | ၇၆ | ၇၂ | ၇၁ | ၁ | ၃ | ၄၉၁ | ၁၅ |
| ၄ | ပဲခူး | ၁၁ | ၉ | ၉ | ၀ | ၂ | ၁၀၂ | ၁၁ |
| ၅ | စစ်ကိုင်း | ၂၄ | ၂၂ | ၂၂ | ၀ | ၂ | ၆၅ | ၃၇ |
| ၆ | တနင်္သာရီ | ၂၆ | ၂၃ | ၂၃ | ၀ | ၃ | ၆၄ | ၄၁ |
| ၇ | ဧရာဝတီ | ၂၂ | ၁၉ | ၁၉ | ၀ | ၃ | ၁၂၅ | ၁၈ |
| ၈ | မကွေး | ၁၈ | ၁၈ | ၁၈ | ၀ | ၀ | ၅၉ | ၃၁ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၉ | ကချင် | ၃ | ၃ | ၀ | ၃ | ၀ | ၇၈ | ၄ |
| ၁၀ | ကယား | ၀ | ၀ | ၀ | ၀ | ၀ | ၃၃ | ၀ |
| ၁၁ | ကရင် | ၄၅ | ၄၅ | ၄၂ | ၃ | ၀ | ၆၀ | ၇၅ |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ |
| ၁၃ | ရခိုင် | ၁၅ | ၁၄ | ၁၂ | ၂ | ၁ | ၁၀၂ | ၁၅ |
| ၁၄ | ရှမ်း | ၁၇၂ | ၁၅၉ | ၁၅၄ | ၅ | ၁၄ | ၄၅၁ | ၃၈ |
| ၁၅ | မွန် | ၃၅ | ၃၀ | ၂၉ | ၁ | ၅ | ၈၉ | ၃၉ |
| စုစုပေါင်း | | ၅၆၃ | ၅၀၉ | ၄၈၆ | ၂၃ | ၅၄ | ၂၄၂၇ | ၂၃ |

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းပြည်ပဧည့်သည်များအား ဟိုတယ်များမှ ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးတို့အတွက်ရည်ရွယ်၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) ရန်ကုန်မြို့၊ ဘားအံမြို့၊ နေပြည်တော်၊ ပုဂံမြို့၊ ကော့သောင်းမြို့၊ တောင်ကြီးမြို့၊ ချောင်းသာတွင် သင်တန်းသား (၄၁၇)ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

**ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သင်တန်းများ**

မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ရန်ကုန် (CTD) တွင် မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း၊ အမှတ်စဉ် (၃)နှင့် (၄) ကို သင်တန်းသား (၂၀) ဦးဖြင့်လည်းကောင်း ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

နိုင်ငံအဆင့် အာဆီယံသင်ကြားရေးဆရာဖြစ်သင်တန်း (ASEAN National Trainer) သင်တန်းကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ရန်ကုန် (CTD) တွင် ၂၇-၅-၂၀၂၄ ရက်နေ့ မှ ၃၁-၅-၂၀၂၄ ရက်နေ့အထိ သင်တန်းသား (၂၃) ဦးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၁၃-၅-၂၀၂၄ ရက်နေ့မှ ၁၇-၅-၂၀၂၄ ရက်နေ့အထိ သင်တန်းသား (၂၀) ဦးဖြင့် လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။

သို့ပါ၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၄ ခုနှစ် မေလမှ ဇူလိုင်လအထိ (၃) လအတွင်း စုစုပေါင်းသင်တန်း (၁၁) ကြိမ်၊ သင်တန်းသား (၅၀၀) ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

**ပြည်ပသင်တန်း**

၂၀၂၄ ခုနှစ်၊ (မေလမှ ဇူလိုင်လ) အထိ Online/ In person ဖြင့် အောက်ပါအတိုင်း ပါဝင်တက်ရောက်ခဲ့ပါသည်-

ပြည်ပအစည်းအဝေးနှင့်ဆွေးနွေးပွဲသို့ In person ဖြင့် အင်ဒိုနီးရှားနိုင်ငံ (၁) ဦး၊ ထိုင်းနိုင်ငံ (၂) ဦး နှင့် ဖိလစ်ပိုင်နိုင်ငံ (၁) ဦး၊ စုစုပေါင်း (၄) ဦး တက်ရောက်ခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁) ဦး In person ဖြင့် ဆွေးနွေးပွဲတက်ရောက်လျက်ရှိပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**ထိုင်းခရီးသွားပြပွဲ -၂၀၂၄ (Thailand Travel Mart Plus 2024) သို့ ခရီးသွားပြခန်းပါဝင်ပြသခြင်း**

ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ (The Tourism Authority of Thailand – TAT) သည် Phang-nga ပြည်နယ်၊ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ထိုင်းနိုင်ငံ Phang-nga ပြည်နယ်၊ JW Marriott Khao Lak Resort and Spa ၌ ၅-၆-၂၀၂၄ ရက်နေ့မှ ၇-၆-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ထိုင်းခရီးသွားပြပွဲ -၂၀၂၄ (Thailand Travel Mart Plus 2024) သို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့်



မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ အသင်းဝင်ခရီးသွားကုမ္ပဏီ (၃)ခုတို့ ပါဝင်ပြသခဲ့ပါသည်။

## မွန်ပြည်နယ်

**မော်လမြိုင်မြို့၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်**



မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကို ၁၅-၅-၂၀၂၄ ရက်နေ့တွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်များအား ဆွေးနွေးတင်ပြခြင်း၊ National HSP(Plaque) ရရှိသော ဟိုတယ်များအား အသိအမှတ်ပြု တံဆိပ်ပေးအပ်ခြင်း၊ အာဆီယံဆုဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လာသော ကော်မတီဝင်များမှ အကြံပြုဆွေးနွေးခဲ့ပါသည်။

## ရှမ်းပြည်နယ်

**ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း (၃)မျိုးဖွင့်လှစ်ပို့ချလျက်ရှိ**



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးရုံးနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်) တို့ပူးပေါင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့

တွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း (၃)မျိုးကို (၁-၇-၂၀၂၄) ရက်နေ့မှ (၂၆-၇-၂၀၂၄)ရက်နေ့အထိ သင်တန်းသား (၁၂၀) ဦးဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်အတွင်းရှိ ဟိုတယ်/တည်းခိုရိပ်သာများရှိ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားလာစေရန်အတွက် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်နိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေများထည့်သွင်း လျာထားစီမံဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင်လည်းကောင်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်သွားရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## မကွေးတိုင်းဒေသကြီး

**မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၄) အစည်းအဝေးကျင်းပ**



မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၁၀-၅-၂၀၂၄ရက်နေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကားပြောကြားပါသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မကွေးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထက်က (၂/၂၀၂၃)ကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသို့တင်ပြမည့် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဒေသ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မကွေးတိုင်းဒေသကြီးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗိုရမ် ၂၀၂၄ မှ ဆွေးနွေးဖော်ထုတ်ရရှိချက်များကိုတင်ပြပြီး ကော်မတီအဖွဲ့ဝင်များ၏ ညှိနှိုင်းဆွေးနွေးမှုများအပေါ် ကော်မတီသို့ အတည်ပြုချက်ရယူခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး

**ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပမှုအခြေအနေ**



ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) အစည်းအဝေးကို ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂) ရက်နေ့၊ မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း (Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ




ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း (Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၆ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်များ လွယ်ကူချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရန်အတွက် ဗီဇာဖြေလျှော့မှုများ၊ ငွေကြေးလဲလှယ်မှုများ၊ ငွေပေးချေရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသော ခရီးသွားလုပ်ငန်းအများစုသည် ယဉ်ကျေးမှုနှင့် တောတောင်ရေမြေသဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း (Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း၊ ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအနေဖြင့် လက်ရှိဆောင်ရွက်နေမှုများကိုအခြေခံ၍ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရေစွမ်းအင်နှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အဓိကခရီးစဉ်ဒေသများတွင် ဂေါ့ဖ်ခရီးသွားလုပ်ငန်း (Golf Tourism) အပါအဝင် အားကစားခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါသည်။